# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ၂၇ ရက်မြောက်နေ့ အစီအစဉ်

[ ၁၈– ၁– ၂၀၁၆ ] (တနင်္လာနေ့) ၁၀၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဝင်းထိန်၊ မိတ္ထီလာ မဲဆန္ဒနယ်၏ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်တွင်တည်ရှိသော စက်မှုလက်မှုသိပ္ပံ(**GTI**)ကို ယခင်ကအတိုင်း နယ်ပယ်စုံ စက်မှုအတတ်သင်သိပ္ပံအဖြစ် ပြန်လည်ထိန်းသိမ်းပြီး သင်တန်းကျောင်းအဖြစ် ပြန်လည်အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဝင်းဦး၊ ရေဖြူ မဲဆန္ဒနယ်၏ယာဉ်ကြော မပိတ်ဆို့ရေးနှင့် ယာဉ်ရပ်နားရန်နေရာများ အမြန်ဆုံးစီစဉ်ပေးရန်အတွက် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ပေးပါရန်၊ (၁၈)နှစ်ပြည့်ပြီးသော သူများတစ်ဦးချင်း

ကားတစ်စီးတင်သွင်းခွင့် လျှောက်ထားနိုင်သည်ကို အမြန်ဆုံးရပ်တန့်ရန်နှင့် ကားသစ်များသာ တင်သွင်းရောင်းချသည့် **Showroom** ကြီးများမှ ဝယ်ယူသူများမှာ ကား **Parking** ရှိကြောင်း ထောက်ခံစာ အဆင့်ဆင့် "ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်းမှတစ်ဆင့် ပြည်ထောင်စု အဆင့်ထိ" ရယူနေရခြင်းကြောင့် အဂတိလိုက်စားမှုများ ဖြစ်ပေါ်စေခြင်းနှင့် နိုင်ငံတွင်း လမ်းစည်းကမ်းနှင့်ကိုက်ညီသော ဘယ်မောင်းကားများသာ ပြောင်းလဲသုံးစွဲမှုကို အမြန်ပြောင်းလဲ ဆောင်ရွက်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ လက်ပံတန်းမြို့နယ်၊ မန်ကျည်းကွင်းကျေးရွာ ကွင်းအမှတ်–၁၁၅၉ ဦးပိုင်အမှတ် (**55-N**)၊ မြေ(၁၆၃.၆၂)ဧက ကျယ်ဝန်းသော မန်ကျည်းကွင်း စားကျက်မြေအား စိုက်ပျိုးရေး၊ ကျေးရွာအုပ်စု မီးလင်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် စားကျက်မြေအဖြစ်မှ ပယ်ဖျက်ခြင်းသည် တည်ဆဲဥပဒေ များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ၊ စားကျက်မြေ ပယ်ဖျက်ခြင်းနှင့် ကျေးရွာမီးလင်းရေး မည်သို့ဆက်စပ်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်နီနိုင်၊ လောက်ကိုင် မဲဆန္ဒနယ်၏ ကိုးကန့်ဒေသ လူ့အရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှုမှ ကာကွယ်ရန်နှင့် ပညာပေး ပြန်လည်ပြုစုပျိုးထောင် ပေးနိုင်ရန်အတွက် ဆေးကုသစခန်းနှင့် ပြန်လည်ထူထောင်ရေးစခန်း (ခွဲ) ဖွင့်လှစ်ပေးမည့် အစီအစဉ်များကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးအောင်ကျော်ခင်၊ ကျောက်တန်း မဲဆန္ဒနယ်၏ ကျောက်တန်းမြို့နယ်ရှိ သခံ မိဘပြည်သူများမျှော်လင့်လျက်ရှိသော မော်ဝန်းချောင်းကူး တံတားအသစ် တစ်စင်းကို တည်ဆောက်ပေးရန် အစီအစဉ် ရှိမရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဒေါ်ခင်သန်းမြင့်၊ ငပုတော မဲဆန္ဒနယ်၏ နှစ်စဉ် နိုင်ငံတော်ဘဏ္ဍာငွေ၏ လျာထားချက်များဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်သောက်သုံး ရေကန်များနှင့် ပတ်သက်၍ တင်ဒါခေါ်ယူရာတွင် မည်ကဲ့သို့ သတ်မှတ် ထားပါသနည်း၊ သတ်မှတ်သည့်အတိုင်းဆောင်ရွက်မှု မရှိသည့် သောက်သုံးရေကန်များ၊ ကုမ္ပဏီများအား မည်ကဲ့သို့ အရေးယူ ဆောင်ရွက်ပေးမည်နည်း၊ ပြည်သူများ စံချိန်စံနှုန်း ပြည့်ဝစွာ ရရှိမည့် သောက်သုံးရေကန်များ မရရှိသော ကန်ထရိုက်စနစ်ကြီးအား မည်ကဲ့သို့ ပြုပြင်ဆောင်ရွက်မည်ကို သိလိုခြင်း တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် တင်သွင်းသည့် အစီရင်ခံစာကို တင်ပြခြင်း နှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ ကြမ်း" နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် လွှတ်တော်နှစ်ရပ်လုံးက သဘောတူညီခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော် နာယကထံ ပေးပို့ပြီးဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော "နိုင်ငံတော် သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေ ကြမ်း" ကို လက်ခံ ရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၈ ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။